<u>မြန်မာဘာသာသို့ ပြန်ဆိုခြင်း (ပထမ မူကြမ်း)</u>

**MFCC ၂၀၂၂**

**စံ (Standard)** **MFCC- ၁၃-၀၆-၂၀၂၂**

# မြန်မာ တရားဝင်သစ် ဖြစ်ကြောင်း အာမခံသည့် စနစ်

MFCC

မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေး ကော်မတီ

မူပိုင်ခွင့်

MFCC-2022

ဤ စာတမ်းသည် MFCC မှ မူပိုင်ခွင့်ဖြင့် ကာကွယ်ပေးထားပါသည်။ ဤ စာတမ်း ကို MFCC မှ ဝဘ်ဆိုဒ်တွင် ပြည်သူအများ အနေဖြင့် အခမဲ့ လွတ်လပ်စွာ ကူးယူ နိုင်ခြင်း (သို့မဟုတ်) တောင်းဆို ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေးကော်မတီ (MFCC) ၏ ခွင့်ပြုချက်မရှိဘဲ ဤမူပိုင်ခွင့်ဖြင့် အကျုံးဝင်သော စာရွက်စာတမ်း၏ တစ်စိတ်တစ်ပိုင်းကို ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်း၊ စီးပွားရေးအလို့ငှာ ရည်ရွယ်ချက်များအတွက် နည်းလမ်းတစ်ခုခု သို့မဟုတ် ပုံစံတစ်ခုခုဖြင့် ပြန်ထုတ်ဝေခြင်း မပြုရ။

မြန်မာနိုင်ငံ သစ်တော ထောက်ခံချက်ပြုရေး ကော်မတီ (MFCC)၊

သစ်တောဝင်း၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်(၁၁၀၁၁)၊ ရန်ကုန်၊ မြန်မာနိုင်ငံ။

ဖုန်းနံပါတ် : (+၉၅၁) ၃၆၄၄၃၁၀ ဖက်စ် (+၉၅၁) ၃၆၄၄၄၃၁

အီးမေးလ် - info@myanmarforestcertification.org

ဝဘ်ဆိုဒ် - www.mfcc.org.mm

| | |
|---|---|
| စာတမ်းအမည်- | မြန်မာနိုင်ငံတရားဝင်သစ်ဖြစ်ကြောင်းအာမခံသည့် စနစ်, Myanmar Timber Legal Assurance System (MTLAS) Standard စံသတ်မှတ်ချက် |
| ရည်ညွှန်းနံပါတ်- | MTLAS |
| အတည်ပြုထားသည်- | မြန်မာနိုင်ငံ သစ်တော ထောက်ခံချက်ပြုရေး ကော်မတီ (Myanmar Forest Certification Committee) MFCC Std 1 v1.03 LS/2022 |
| ထုတ်ဝေရက်စွဲ- | ၂၀၁၃-ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် |
| ကနဦးစာတမ်း မူ (ဗားရှင်း) Version | ၂၀၂၂-ခုနှစ် ဇွန် ၁၃ ရက် |
| စတင် သက်ရောက်သည့်ရက်စွဲ | xxxx-xx-xx |

**မာတိကာ**


၁။ နောက်ခံအကြောင်းအရာ…

၁.၁ နိဒါန်း…

၁.၂ တရားဝင်သစ် အဓိပ္ပါယ်ဖွင့်ဆိုချက်…

၁.၃ အကျုံးဝင်သော သစ်ထုတ်ကုန်ပစ္စည်းများ…

၁.၄ သစ်အရင်းအမြစ်များ…

၁.၅ သစ် ထိန်းချုပ်ရေး လုပ်ထုံးလုပ်နည်း…

၁.၆ အဖွဲ့အစည်းစနစ် စီစဉ်ထားရှိမှု …

၁.၇ အဓိပ္ပါယ်ဖွင့်ဆိုချက်…

၂။ တရားဝင်သစ်အတွက် အခြေခံမူများ၊ စံ သတ်မှတ်ချက်နှင့် အညွှန်းများ…

အခြေခံမူ- ၁။ သစ် ခုတ်လှဲ ထုတ်လုပ် ပိုင်ခွင့်…

အခြေခံမူ- ၂။ သစ်များ ခုတ်လှဲ ထုတ်လုပ် ရာတွင် တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့် တရားဝင်ခွင့်ပြုထားသော အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များနှင့်အညီ သစ်တော လုပ်ငန်းများအတွက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များနှင့်အညီ လိုက်လျော ညီထွေမှု…

အခြေခံမူ- ၃။ လုပ်ငန်းဆောင်ရွက်မှု၊ အခွန်ပေးဆောင်မှု၊ အခွန်တော်မှုပိုင်ခွင့်နှင့် အခကြေးငွေ ပေးဆောင်မှု…

အခြေခံမူ- ၄ ကုန်သွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သွင်းကုန်နှင့် ပြည်ပ ပို့ကုန်…

အခြေခံမူ ၅- ထောက်ပံ့မှုကွင်းဆက် (Supply chain) တွင် သစ်လွှဲပြောင်းပိုင်ဆိုင်မှုကွင်းဆက်စနစ်..

အခြေခံမူ- ၆ သစ်ခွဲစိပ် ထုတ်လုပ်ခြင်း လုပ်ငန်း အဆင့်ဆင့်…

၃. MTLAS စာတမ်း (အဆင့်ဆင့်ပြောင်းလဲ တိုးတက်ပုံ) နောက်ခံ သမိုင်း …

၁။ နောက်ခံအကြောင်းအရာ

## ၁.၁ နိဒါန်း

နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချသော မြန်မာနိုင်ငံမှ သစ်များကို တရားဝင်အာမခံနိုင်သော လိုင်စင်/ခွင့်ပြုချက်ပါမစ်များဖြင့် ထောက်ပံ့ ပေးနိုင်သည်ဟု မြန်မာနိုင်ငံမှ ထုတ်ပြန်ထားပါသည်။ အဆိုပါ လိုင်စင်/ခွင့်ပြုချက် ပါမစ်များကို မြန်မာ(နိုင်ငံ) တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် (MTLAS) အောက်မှ ပံ့ပိုးပေးမည်ဖြစ်ပါသည်။

MTLAS ၏ အဓိက အစိတ်အပိုင်းများမှာ-

I. တရားဝင်သစ်၏အဓိပ္ပါယ် (Definition of legal timber)

II တရားဝင်သစ် အခြေခံမူများနှင့် စံသတ်မှတ်ချက်များ၊ (Principles and criteria of legal timber)

III သစ်အရင်းအမြစ်၊ (Source of timber)

IV ထိန်းချုပ်ရေးလုပ်ထုံးလုပ်နည်းများ (Control procedures)

## ၁.၂ တရားဝင်သစ် အဓိပ္ပါယ်ဖွင့်ဆိုချက်

တရားဝင်သစ်၏အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

သစ်များကို ပြည်တွင်း၌ တရားဝင်ခွင့်ပြုထားသော အဖွဲ့အစည်းများက ခုတ်လှဲ ထုတ်လုပ် ရိတ်သိမ်းပြီး သစ်နှင့်သစ်ထွက်ပစ္စည်းများ၊ သစ်တောနှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာ့သစ်လုပ်ငန်းနှင့် ကုန်သွယ်၊ သယ်ယူ၊ ထုတ်လုပ်၊ တင်ပို့ခြင်းဖြစ်သည်။

## ၁.၃ အကျုံးဝင်သော သစ်ထုတ်ကုန်ပစ္စည်းများ

MTLAS ၏ နယ်ပယ်တွင် သစ်လုံး၊ သစ်နှင့် သစ်ခွဲသား ပစ္စည်းများ စုစုပေါင်း (၂၂) မျိုး ပါဝင်သည်။

| စဉ် | ထုတ်ကုန်စာရင်းများ | ပို့ကုန်ပစ္စည်းအတန်းအစား အလိုက်အမည်ပေးစနစ် (HS Code ) | မှတ်ချက် |
|---|---|---|---|
| ၁။ | သစ်လုံးများ (logs) | 4403 | ကုန်ကြမ်း (Raw) |
| ၂။ | ပျဉ်ခင်း (Cladding) | | ကုန်ချော (Finished) |
| ၃။ | သစ်/သစ်ခွဲသား/ခုတ်လှဲပိုင်းဖြတ်<br>(က) စတုရန်း လေးမြှောင့်သစ် (Square)<br>(ခ) တိုင် (post)<br>(ဂ) ရှဉ့်ပြားကြီး (ပိုင်းဖြတ်ထားသော သစ်ပြား) (Flitch)<br>(ဃ) ရှဉ့်ပြားငယ် (Plank)<br>(င) ပျဉ်ချပ်အထူ (Board) | 44.07<br>44.07<br>44.07<br>44.07<br>44.07<br>44.07<br>44.07 | အကြမ်းဖျင်းဖြတ်တောက်<br>အကြမ်းဖျင်းဖြတ်တောက်<br>အကြမ်းဖျင်းဖြတ်တောက်<br>အကြမ်းဖျင်းဖြတ်တောက်<br>အကြမ်းဖျင်းဖြတ်တောက်<br>အကြမ်းဖျင်းဖြတ်တောက်<br>အကြမ်းဖျင်းဖြတ်တောက် |
| ၄။ | သစ်ပိုင်းဖြတ်သား (Scantling) | 44.07 | တစ်ဝက်အချောထည်ပြီးစီး |
| ၅။ | သစ်ပါးလွှာ အတွက် ရှဉ့်ပြားကြီး /ပိုင်းဖြတ်ထားသောသစ်၊ (Flitch for | 44.07 | အကြမ်းဖျင်းဖြတ်တောက် |

| | | | |
|---|---|---|---|
| | Veneer) | | |
| ၆။ | သဘာဝအလှဆင်သစ်ပြား/ စားပွဲမျက်နှာပြင် (Natural Decorative board/ Table top) | 44.07 | အကြမ်းဖျင်းဖြတ်တောက် |
| ၇။ | အလွှာ/အပေါ်လွှာ (Layer/ Top layer) | 44.18 | တစ်ဝက်ပြီးစီး |
| ၈။ | ပုံဖော်(သွင်း)သစ် ထုတ်ကုန်များ (moulded products) | 44.18 | ကုန်ချော |
| ၉။ | သင်းဘောခင်းပျဉ်ကုန်းပတ်/ ကုန်းပတ်အသေးစား/ အပြင်ဘက်သုံး ကြမ်းခင်းသစ်သား (Deck, mini deck, outdoor decking) | 44.18 | ကုန်ချော |
| ၁၀။ | E2E/E4E | 44.18 | တစ်ဝက်ပြီးစီး |
| ၁၁။ | ကြမ်းခင်းသစ်သား (T&G flooring) | 44.18 | ကုန်ချော |
| ၁၂။ | အင်ဂျင်နီယာ ကြမ်းခင်းတုံးကြီး (Engineering floor) | 44.18 | ကုန်ချော |
| ၁၃။ | လမ် အလှ ပါကေးကြမ်းခင်းတုံး လတ် (Lam parquet flooring) | 44.18 | ကုန်ချော |
| ၁၄။ | ပလပ်စတစ်ပါးအုပ်ထားသော သစ်ခွဲသား(Laminated lumber) | 44.18 | တစ်ဝက်ပြီးစီး |
| ၁၅။ | လက်ယှက်သစ်ချောင်း/ ပလပ်စတစ်ပါး အုပ်ထားသော လက်ယှက်သစ်ပြား(Finger Joint Strip/Finger Joint laminated Board) | 44.18 | တစ်ဝက်ပြီးစီး |
| ၁၆။ | အခင်းအရံပြားများ၊ သစ်သား အုတ်ကြွပ်ပြားနှင့် shakesများ အတွက် ဆောက်လုပ်ရေး သစ်ပေါင်းခွေနှင့် လက်သမား လက်ရာသုံး သစ်များ၊ ဆယ်လူလာ သစ်သားပြားများ (Builders' joinery and carpentry of wood including cellular wood panels assembled flooring panels, shingles and shakes) | 44.18 | ကုန်ချော |
| ၁၇။ | တံခါးများ/မှန်ပုံခွက်တံခါးများ (Doors and panel doors) | 44.18 | ကုန်ချော |
| ၁၈။ | သစ်ပါးလွှာ (Veneer) | 44.08 | တစ်ဝက်ပြီးစီး |

| | | | |
|---|---|---|---|
| ၁၉။ | အထပ်သား (Plywood)<br>Film Face | 44.12 | ကုန်ချော<br>ကုန်ချော |
| ၂၀။ | စားပွဲ နှင့် မီးဖိုချောင်သုံး ပစ္စည်းသုံး သစ်သား (Tableware and kitchenware of wood) | 44.19 | ကုန်ချော |
| ၂၁။ | ပရိဘောဂ အစိတ်အပိုင်းများနှင့် လက်မှုပစ္စည်းများ | 44.20 | ကုန်ချော |
| ၂၂။ | ပရိဘောဂများ | 94.03 | ကုန်ချော |

အထက်ပါဇယားရှိ ထုတ်ကုန်များစာရင်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC: Ministry of Natural Resources and Environmental Conservation) မှ ထုတ်ပြန်သည့် စာရင်းများအတိုင်း ဖော်ပြထားပါသည်။

MONREC ဝန်ကြီးဌာန သည် သဘာဝသစ်တောများမှ ခုတ်လှဲထုတ်ယူပြီး သစ်လုံးတင်ပို့ခြင်းကို ၂၀၁၄ ခုနှစ်ကတည်းက တားမြစ်ထားသော်လည်း ဝန်ကြီးဌာနက ၂၀၁၉- ခုနှစ်တွင် ကိစ္စရပ်အလိုက် အသေးစိပ် စစ်ဆေးပြီးနောက် ပုဂ္ဂလိကပိုင်နှင့် နိုင်ငံပိုင်စိုက်ခင်းများမှ ထုတ်ယူထားသော သစ်လုံးများကို တင်ပို့ခွင့်ပြုမည်ဟု ဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**၁.၄။ သစ်အရင်းအမြစ်များ**

MTLAS တွင် အောက်ဖော်ပြပါ အရင်းအမြစ်များမှရရှိသော သစ်လုံးများ၊ သစ်များနှင့် သစ်တောထွက်ပစ္စည်းများ အကျုံးဝင် ပါသည်။

| စဥ် | သစ်အရင်းအမြစ်များ |
|---|---|
| ၁။ | ကြိုးဝိုင်းတော (RF: Reserved Forest); |
| ၂။ | ကြိုးပြင်ကာကွယ် တော (PPF: Protected Public Forest); |
| ၃။ | ကြိုးပြင်တော (သစ်တောမြေပြင်ပ) (Un-classified Forest (outside of the Permanent Forest Estate) |
| ၄။ | သစ်တော စိုက်ခင်းများ (ပုဂ္ဂလိကပိုင်နှင့် နိုင်ငံတော်ပိုင်) Plantations (Private owned and state owned) |
| ၅။ | အစုအဖွဲ့ပိုင် သစ်တောများ (Community Forests) |
| ၆။ | ပဋိပက္ခ ဖြစ်နေသော/လက်နက်ကိုင် (တိုင်းရင်းသား)ဒေသ မှ ထုတ်လုပ်သောသစ် (Conflict timber) |
| ၇။ | သစ်တောမြေအသုံးချမှုပြောင်းလဲခြင်းကြောင့် ထွက်ရှိလာသော သစ်များ (Conversion timber) |
| ၈။ | သိမ်းဆည်းရမိ သစ်များ (Confiscated timber) |
| ၉။ | ရော်ဘာစိုက်ခင်း (Rubber plantations) |

| | |
|---|---|
| ၁၀။ | သစ်တောပြင်ပတွင်ပေါက်ရောက်လျက် ရှိသော သစ်ပင်များ (Trees outside forests) |
| ၁၁။ | ပြည်ပမှတင်သွင်းသော သစ်များ (Imported timber) |
| ၁၂။ | ရေမျောကမ်းတင် သစ် (Drift timber) |

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) မှ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွက် တနိုင်ငံလုံးနှင့် ပဲခူးရိုးမ တိုင်းဒေသကြီး အတွက် ၁၀ နှစ် (၂၀၁၆-၂၀၂၆) အထိ သစ်ထုတ်ခြင်းအားလုံးကို ဆိုင်းငံ့လိုက်ကြောင်း ကြေညာခဲ့သည်။ ထို့အပြင် သိမ်းဆည်းရမိသော သစ်များ၊ မြေယာရှင်းလင်းခြင်းနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများမှ ထွက်ရှိလာသော သစ်ထွက်ကုန်များ တင်ပို့ခြင်းကို တားမြစ်ထားသော်လည်း ပြည်တွင်းဈေးကွက်တွင်သာ အသုံးပြုနိုင်သည်။

## ၁.၅ သစ်ထိန်းချုပ်ရေးလုပ်ထုံးလုပ်နည်း

အထက်ဖော်ပြပါ သတ်မှတ်ထားသည့်အတိုင်း သစ်ထောက်ပံ့ရန်နှင့် တရားဝင်သစ်များ တင်ပို့ရောင်းချ နိုင်စေရန်အတွက် MTLAS သည် လက်ရှိမြန်မာနိုင်ငံမှ သစ်နှင့်သစ်ထွက်ပစ္စည်းများအတွက် ပို့ကုန်လိုင်စင်များ အာမခံချက်ပေးသည့်စနစ် ဖြစ်လာမည်ဖြစ်ပါသည်။

ကူးသန်းရောင်းဝယ်ရေးဌာန နှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနမှ သစ်ထွက်ကုန် တင်ပို့မှု လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်တွင် ပါဝင်သော သစ်ထိန်းချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စာရွက်စာတမ်းများသည် သစ်တော ခုတ်လှဲထုတ်လုပ်ခြင်း၊ စက်ဖြင့်ပိုင်းဖြတ်ခြင်း၊ ပြည်ပတင်ပို့ခြင်းနှင့် ပြည်တွင်း တင်သွင်းခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို MTLAS ၏ အခြေခံမှု ၆-ချက်ကို လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ အခြေခံမှု တစ်ခုစီအတွက် သက်ဆိုင်သော စံနှုန်းများနှင့် အသေးစိတ်ဖော်ပြချက်များနှင့် တရားဝင်သစ်ဖြစ်ကြောင်း အခြေခံမှုများ၊ စံသတ်မှတ်ချက်နှင့် အညွှန်းများ ကို အခန်း-၂ တွင် ဖော်ပြထားပါသည်။

## ၁.၆ အဖွဲ့အစည်း စနစ် စီစဉ်ထားရှိမှု

မြန်မာနိုင်ငံ သစ်တော ထောက်ခံချက်ပြုရေး ကော်မတီ (MFCC) သည် မြန်မာနိုင်ငံရှိ သစ်တော/သစ် အသိအမှတ်ပြု အစီအစဉ်များ၏ အမျိုးသားအဆင့် အုပ်ချုပ်ရေး အဖွဲ့ (National Governing Body) ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော အစီအစဉ်နှစ်ခုရှိသည်။


မြန်မာ တရားဝင်သစ်ဖြစ်ကြောင်း အာမခံစနစ် (MTLAS)၊

မြန်မာ သစ်တော ထောက်ခံချက်လက်မှတ်ထုတ်ပေးရေးအစီအစဉ် (Myanmar Forest Certification Scheme),

မြန်မာနိုင်ငံ သစ်တော ထောက်ခံချက်ပြုရေး ကော်မတီ (MFCC) မှ စံပြုလုပ်ထုံးလုပ်နည်းများ (SOP: Standard Operating Procedures), မူဝါဒများနှင့် အထက်ပါ သစ်တရားဝင်မှု အတွက် မြန်မာ့ တရားဝင်သစ် ဖြစ်ကြောင်း အာမခံစနစ် (MTLAS) နှင့် စဉ်ဆက်မပြတ် သစ်တော စီမံခန့်ခွဲမှု အတွက် မြန်မာ့ သစ်တော ထောက်ခံချက်လက်မှတ် ထုတ်ပေးရေး အစီအစဉ် (MFCS) ကဲ့သို့သော စံချိန်စံညွှန်း နှစ်ခုကို ရေးဆွဲခဲ့သည်။

MTLAS နှင့် စပ်လျဉ်း၍ အောက်ပါ စံ လုပ်ထုံးလုပ်နည်းများ (SOP) ကို MFCC ကိုယ်တိုင် ရေးဆွဲထားပြီး စိတ်ဝင်စားသူများသည် ၂၀၁၈-ခုနှစ်၊ ဩဂုတ်လ မှစ၍ MFCC ဝဘ်ဆိုဒ် (www.mfcc.org.mm) တွင် ရှာဖွေနိုင်ပြီး လိုက်နာကျင့်သုံး နိုင်ကြပါသည်။

ပုံ (၁)။ အဖွဲ့အစည်းစနစ် စီစဉ်ထားရှိမှု




MFCC (National Governing Body) = အမျိုးသား အုပ်ချုပ်မှု အဖွဲ့

Myanmar National Accreditation Body= မြန်မာ အမျိုးသား အသိအမှတ်ပြုအဖွဲ့

MFCS (Myanmar Forest Certification Scheme) =မြန်မာသစ်တောထောက်ခံချက်ပြုရေး အစီအစဉ်/စီမံချက်

Notification= အကြောင်းကြားခြင်း/ သတိပေးခြင်း

Temporarily assess complicance= လိုက်လျော/လိုက်နာခြင်းကို ယာယီ ဆန်းစစ်ခြင်း

Full accreditation responsibilities= အပြည့်အဝ အသိအမှတ်ပြုရန် တာဝန်ယူမှုများ

PHASE I – II = အဆင့်

Application process= လျှောက်ထားခြင်း အဆင့်ဆင့်

Applicants= လျှောက်ထားသူ

Govern& Administer= အုပ်ချုပ်သည်/ စီမံခန့်ခွဲသည်

၁.၇။ အဓိပ္ပါယ်ဖွင့်ဆိုချက်

| စဉ် | အဓိကအသုံးအနှုန်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ | |
|---|---|---|
| ၁။ | သစ်လွဲပြောင်းပိုင်ဆိုင်မှု ကွင်းဆက် (CoC) | CoC သည် သစ်တောမှ သစ်ကုန်ကြမ်းများကို ပြုပြင်ခြင်း၊ အသွင်ပြောင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် သုံးစွဲသူများထံ |

| | | |
|---|---|---|
| | | ဖြန့်ဖြူးခြင်း အဆင့်ဆင့် သစ်ကုန်ကြမ်းများ လွှဲပြောင်း ယူဆောင်သည့် လမ်းကြောင်းဖြစ်သည်။ |
| ၂။ | ထောက်ခံချက် ပြုသည့် အဖွဲ့ (Certification body) | MTLAS နှင့် MFCS တို့၏အစီအစဉ်များနှင့်အညီ ကိုက်ညီအောင် အကဲဖြတ်ဆန်းစစ် လုပ်ဆောင်ပေးသည့် တတိယ အဖွဲ့ဖြစ်သည်။ |
| ၃။ | အစုအဖွဲ့ပိုင် သစ်တောများ (Community Forests) | အစုအဖွဲ့ပိုင် သစ်တော ဆိုသည်မှာ သစ်တောဥပဒေအရ ထုတ်ပြန်ထားသည့် "အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ညွှန်ကြားချက်များ" အတိုင်း ဆောင်ရွက်သည့် သစ်တောများ ကို ဆိုလိုသည်။ |
| ၄။ | စီးပွားဖြစ် သစ်တော စိုက်ခင်းများ (Commercial plantations) | စီးပွားဖြစ်စိုက်ခင်းတစ်ခုအား အကွက်အလိုက် သို့မဟုတ် အုပ်စုအလိုက် သစ်ပင်များဖြင့် စိုက်ပျိုးထားပြီး သစ်ပင်အများစုမှာ မျိုးစိတ်နှင့် အသက်အရွယ် /သက်တမ်းတူညီကြပြီး အားလုံးကို ပုံသေအကွာအဝေးတွင် စိုက်ပျိုးထားသည်။ |
| ၅။ | ပို့ကုန် ပေးပို့ခြင်း (Consignment) | ကုန်ပစ္စည်းပမာဏ အရေအတွက်အစုအပေါင်း ဖြစ်ပါသည်၊ သစ်တောအဆင့်တွင် သစ်လုံးများ အစုအပေါင်း ဖြစ်မည်။ ကုန်ပစ္စည်းထုတ်လုပ်နေသော အဆင့် (ဥပမာ စက်ရုံ တစ်ခုအတွင်း) ကုန်စည်ပို့ဆောင်မှုတွင်လည်း ကွန်တိန်နာ (ပေးပို့ရန် ကုန်ပစ္စည်းထည့်ထားသော သံသေတ္တာအကြီးစား) တစ်ခု သို့မဟုတ် နှစ်ခုပါရှိမည်ဖြစ်သည်။ |
| ၆။ | အစုအဖွဲ့ပိုင် သစ်တော အသုံးပြုသူအဖွဲ့ Community Forest User Group | အစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူအဖွဲ့ |
| ၇။ | ပဋိပက္ခ (ဒေသမှ) သစ် (Conflict timber) | ပဋိပက္ခသစ်များ" သည် လက်နက်ကိုင် ပဋိပက္ခများအတွက် ထုတ်လုပ်ပြီး ဘဏ္ဍာရေး ထောက်ပံ့ရန် သစ်ထုတ်လုပ် ရောင်းချခြင်းကို ဖော်ပြရာတွင် သုံးသောအသုံးအနှုန်းဖြစ်သည်။ |
| ၈။ | သစ်တောရှင်းလင်းခြင်းမှ ထွက်ရှိသော သစ် Conversion timber | သဘာဝသစ်တောများအား ကို သစ်တောမဟုတ်သော အခြားလုပ်ငန်းများ (ဥပမာ- အခြေခံအဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်ရေး (ရေကာတာများ၊ လမ်းများ တည်ဆောက်ခြင်း)၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု (အကြီးစား စီးပွားဖြစ် ရာဘာ၊ကြံ၊ ဆီအုန်း၊ သရက်၊ အစရှိသည်) (သို့မဟုတ်) သစ်တော စိုက်ခင်း အဖြစ်သို့ ပြောင်းလဲရန် ရှင်းလင်းခြင်းမှ ထွက်ရှိသော သစ်၊ |
| ၉။ | သိမ်းဆည်းရမိသောသစ်များ Confiscated timber | သစ်နှင့် သစ်ထွက်ပစ္စည်းများကို (ဥပဒေနှင့် အညီမဟုတ်သဖြင့်) အာဏာပိုင်များက နိုင်ငံ၏တည်ဆဲ ဥပဒေ စည်းမျဉ်းအတိုင်း သိမ်းဆည်းရမိသော သစ်ဖြစ်သည်။ |

| | | |
|---|---|---|
| ၁၀။ | မျိုးဆက် ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင် ပန်းမာန်များ နိုင်ငံတကာ ကုန်သွယ်မှု ဆိုင်ရာ ကွန်ဗင်းရှင်း (CITES: | (CITESဂ Convention on International Trade in Endangered Species of Wild Fauna and Flora)) သည် အစိုးရများကြား နိုင်ငံတကာ သဘော တူညီချက်တစ်ခုဖြစ်သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာ ကုန်သွယ်မှုတွင် တောရိုင်း တိရိစ္ဆာန်များ၊ အပင်များ၏နမူနာများ နှင့်၎င်းတို့၏ရှင်သန်မှုကို ခြိမ်းခြောက်မှု မဖြစ်စေရန် ဖြစ်သည်။ |
| ၁၁။ | ရေမျောကမ်းတင်သစ်<br>Drift timber | ဖောင် သို့မဟုတ် သစ်လုံးများကဲ့သို့ ထိန်းချုပ်မှုမရှိဘဲ မျောပါနေသော သစ်လုံးဟု ယူဆကြသည်။ (သစ်တောဥပဒေ ၂၀၁၈ အခန်း-၈) |
| ၁၂။ | သစ်တောဦးစီးဌာန FD | (မြန်မာ) သစ်တောဦးစီးဌာန |
| ၁၃။ | သစ်တောနယ်မြေ<br>Forest land | သစ်တောမြေ ဆိုသည်မှာ ကြိုးဝိုင်းတောများ နှင့် ကြိုးပြင် ကာကွယ်တောများ ပါဝင်သောမြေကို ဆိုသည်။<br>အများပိုင်သစ်တောများ { သစ်တောဥပဒေ၊ (အခန်း ၁ ခေါင်းစဉ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်)} |
| ၁၄။ | သစ်တောပိုင်ရှင်များ<br>Forest owners | သစ်တောပိုင်ရှင်ဆိုသည်မှာ သစ်တောစီမံအုပ်ချုပ်မှု ယူနစ် (သစ်တောဌာနတွင် ခရိုင်အဆင့် ဝန်ထမ်းဖြစ်ပါသည်) (ပုဂ္ဂလိက သစ်တောစိုက်ခင်း မန်နေဂျာ တစ်ဦးဖြစ်ပါသည်) အုပ်ချုပ်ခွင့်လိုင်စင်ရ၊ ကန်ထရိုက်တာ ဖြစ်ပါသည်။<br>သို့မဟုတ် လိုင်စင်ရရှိသော ကန်ထရိုက်တာ သည် သစ်များကို ခုတ်လှဲ ထုတ်လုပ်ခြင်း သို့မဟုတ် အဆင့်ဆင့် ခွဲစိပ် ထုတ်လုပ်သူ ထံသို့ သစ်များပေးပို့ခြင်းကို အဆင့်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အဆင့်များ (သတ်မှတ် ကာလအထိ) ကို လုပ်ဆောင်နေသည့် သီးခြားပိုင်ရှင်/ လုပ်ငန်းဆောင်ရွက်သူ ဖြစ်ပါသည်။ |
| ၁၅။ | ပို့ကုန်ပစ္စည်းအတန်းအစားအလိုက် အမည်ပေးစနစ်<br>H.S Code | HS သည် Harmonized System ကို ကိုယ်စားပြုသည်။ ၎င်း အမည်ပေးစနစ် ကို WCO (World Customs Organization) (ကမ္ဘာ့ အကောက်ခွန်အဖွဲ့) သည် ကုန်ပစ္စည်းအမျိုးအစား အလိုက် ဖော်ပြသော ဘက်စုံသုံးနိုင်ငံတကာ ကုန်ပစ္စည်း အမည်စာရင်းတစ်ခု ဖြစ်ပါသည်။ |
| ၁၆။ | တင်သွင်းသောသစ်<br>Import timber | နိုင်ငံရပ်ခြားမှ ယူဆောင်လာသော သစ်များ |
| ၁၇။ | တင်သွင်းသူ<br>Importer | သစ်နှင့်သစ်ထွက်ပစ္စည်းများကိုရောင်းရန်အလို့ငှာ နိုင်ငံရပ်ခြားမှ နိုင်ငံတွင်းသို့ ယူဆောင်တင်သွင်းလာသူ သို့မဟုတ် အဖွဲ့အစည်း။ |

| | | |
|---|---|---|
| ၁၈။ | ကြိုးပြင်တော (Permanent Forest Estate PFE ၏အပြင်ဘက်) | အမြဲတမ်းသစ်တောနယ်မြေ (PFE)၏ အပြင်ဘက်ရှိ သစ်တောများ၊ |
| ၁၉။ | မြန်မာ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် MTLAS | MFCC မူဝါဒများ၊ စံ လုပ်ထုံးလုပ်နည်းများ၊ စံလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ အခြားပံ့ပိုးပေးသည့် စနစ်အတွက် အထောက်အထား စာရွက်စာတမ်းများနှင့် MTLAS တရားဝင်သစ် ဖြစ်ကြောင်း အာမခံသည့်စနစ် ဖြစ်ပါသည်။ |
| ၂၀။ | မြန်မာ့သစ်လုပ်ငန်း MTE | မြန်မာ့သစ်လုပ်ငန်း (Myanma Timber Enterprise) |
| ၂၁။ | မြန်မာနိုင်ငံ သစ်တော ထောက်ခံ ချက်ပြုရေး ကော်မတီ MFCC | မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေး ကော်မတီ Myanmar Forest Certification Committee |
| ၂၂။ | သစ်လုပ်ငန်းဆောင်ရွက်သူ/ အဖွဲ့အစည်း Operator | ဤမူဝါဒတွင် အော်ပရေတာသည် ထောက်ပံ့ရေးကွင်းဆက်တွင် လုပ်ဆောင်နေသည့် မည်သည့်အဖွဲ့အစည်းမဆိုဖြစ်သည်။ ၎င်းသည် စနစ်တစ်ခု၊ ထုတ်လုပ်သည့်ကုမ္ပဏီ (သစ်ခွဲစက်ကဲ့သို့) သို့မဟုတ် ကုန်သည်၊ သစ်တောဦးစီးဌာန (FD)၊ မြန်မာ့သစ်လုပ်ငန်း (MTE) တို့ဖြစ်နိုင်သည်။ |
| ၂၃။ | သစ်တောအပြင်ဘက်မြေ Outside Forest Land | ပြင်ပ သစ်တောမြေဆိုသည်မှာ ပုဂ္ဂလိကပိုင်မြေ၊ အများပိုင်မြေ၊သာသနာ့မြေ၊ ဌာနဆိုင်ရာပိုင်မြေနှင့် စစ်တပ်မှ ခွဲဝေပေးသည့်မြေ၊ ကိုယ်ပိုင်အိမ်ခြံမြေ တို့ဖြစ်သည်။ |
| ၂၄။ | ကြိုးပြင် ကာကွယ်တော(PPF: Protected Public Forest) | ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးပြင် ကာကွယ်တော အဖြစ် ကြေညာထားသော မြေကို ဆိုသည်။ |
| ၂၅။ | သစ်လုပ်ငန်း သို့မဟုတ် သစ်ခွဲသား လုပ်ငန်း (Wood industry or lumber industry) | သစ်လုပ်ငန်း သို့မဟုတ် သစ်လုပ်ငန်းသည် သစ်တော၊ သစ်ထုတ်ခြင်း၊ သစ်ကုန်သွယ်မှုနှင့် သစ်တောထွက်ပစ္စည်းများ၊ သစ်၊ အဓိက သစ်တောနှင့် သစ်ထွက်ပစ္စည်းများ (ဥပမာ - ပရိဘောဂ) နှင့် ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအတွက် သစ်သားပျော့ဖတ်ကဲ့သို့သော ဒုတိယထုတ်ကုန်များ စသည့် စီးပွားရေးကဏ္ဍဖြစ်ပါသည်။ |
| ၂၆။ | ကြိုးဝိုင်းတောများ (RF: Reserved Forest) | ကြိုးဝိုင်းတော ဆိုသည်မှာ (၂၀၁၈) ဥပဒေ၊ (သို့မဟုတ်) ၁၉၉၂ ခုနှစ် သစ်တောဥပဒေအရ ကိုက်ညီသော မြေ နေရာကို သစ်တောကြိုးဝိုင်းအဖြစ် ဖွဲ့စည်းထားသော မြေ သို့မဟုတ် မှတ်ယူခြင်းခံရသောမြေကို ဆိုလိုသည်။ (MFCS စံနှုန်းတွင် သတ်မှတ်ထားသည်) |
| ၂၇။ | ထောက်ပံ့မှု ကွင်းဆက် Supply chain | ထောက်ပံ့မှုဒကွင်းဆက်သည် ကုန်ပစ္စည်း စီးဆင်းမှုနှင့်ပုံသဏ္ဍာန် ပြောင်းလဲ သည့် လုပ်ဆောင်မှုများအားလုံးကို လွှမ်းခြုံထားသည်။ |

| | | |
|---|---|---|
| | | ကုန်ကြမ်းအဆင့်မှ ကုန်ပစ္စည်းကို သုံးစွဲသူထံ အရောက် ဆောင်ရွက်သည့် လုပ်ငန်းများ အပါအဝင် ဖြစ်သည်။ |
| ၂၈။ | စံလုပ်ထုံးလုပ်နည်းများ Standard Operating Procedures | စံလုပ်ထုံးလုပ်နည်းများ |
| ၂၉ | သစ်တောပြင်ပရှိသစ်ပင်များ Trees outside of forest | ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများ အပြင်ဘက် ဧရိယာတွင် ပေါက်နေသော သစ်ပင်များကိုခေါ်ပါသည်။ စိုက်ပျိုးရေး သို့မဟုတ် အခြေချနေထိုင်မှုအဖြစ် ယေဘုယျ အားဖြင့် ခွဲခြားသတ်မှတ်ထားသော ဧရိယာထဲကို ဆိုလိုသည်။ |
| ၃၀ | သစ်ပင်ပိုင်ရှင် Trees owners | ကိုယ်ပိုင်အိမ်ခြံဝင်း၊ ပုဂ္ဂလိကပိုင်မြေ၊ အများပိုင်မြေ၊ သာသနာ့မြေ၊ ဌာနဆိုင်ရာမြေ၊ တပ်မတော်က ခွဲဝေပေးသည့်မြေများတွင် သစ်ပင်စိုက်ပြီး သက်ဆိုင်ရာ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်သူကိုဆိုလိုသည်။ |
| ၃၁ | သစ်ထုတ်ကုန်များ Timber product | သစ်သားနှင့် ပြုလုပ်ထားသော ပစ္စည်း၊ပရိဘောဂ၊ အဆောက်အဦး ဆောက်လုပ်ရန် သစ်ခွဲသား၊ အချောထည်များ ပါဝင်ပါသည်။ |

## ၂။ တရားဝင်သစ်အတွက် အခြေခံမူများ၊ စံသတ်မှတ်ချက်များနှင့် အညွှန်းများ

### အခြေခံမူ- ၁ သစ် ခုတ်လှဲ ထုတ်လုပ်ပိုင်ခွင့်

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်မြေများ၏ တရားဝင်ပိုင်ဆိုင်မှု အဆင့်အတန်းကို ရှင်းရှင်းလင်းလင်း သတ်မှတ်ပြီး နယ်နိမိတ်မျဉ်းများကို တိကျပြတ်သားစွာ ဖော်ပြထားရမည်။ သစ်တောမြေတွင် လုပ်ကိုင်သူသည် ၎င်းတို့တွင် တရားဝင်လုပ်ပိုင်ခွင့် သို့မဟုတ် ခွဲဝေချထားပေးသည့်မြေအတွင်း လုပ်ကိုင်ရန် တရားဝင်ရရှိထားသော ခွင့်ပြုချက်ရှိကြောင်း သက်သေပြရမည်။ သစ်တောမြေပြင်ပတွင် လုပ်ငန်းရှင်များသည် မြေအတွင်း သစ်တောသယံဇာတများကို တရားဝင် ပိုင်ဆိုင်ခွင့်နှင့် အသုံးပြုခွင့်များကို သက်သေပြရမည်။

| စံ သတ်မှတ်ချက် Criteria | အညွှန်း Indicators | | တာဝန်ရှိသူ |
|---|---|---|---|
| (က) သစ်တောမြေ | | | |
| **စံ သတ်မှတ်ချက် (၁.၁)** အော်ပရေတာသည် သစ်တောနှင့်ပတ်သက်သည့် လုပ်ငန်းကို လုပ်ကိုင်သည့်အခါ တရားဝင် လုပ်ပိုင်ခွင့် သို့မဟုတ် ခွင့်ပြုချက် နှင့် အဆိုပါနိုင်ငံ၏ လိုအပ်ချက်များနှင့်အညီ သစ်တောနှင့်ပတ်သက်သည့် လုပ်ငန်းကို လုပ်ဆောင်ရန် ခွင့်ပြုချက်ရှိသည်။ | ၁.၁.၁ | သက်ဆိုင်ရာဥပဒေ၊မူဝါဒ၊ စည်းမျဉ်း များနှင့်အညီ သစ်တောနှင့်ပတ်သက်သည့် လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုရန် တရားဝင် လုပ်ပိုင်ခွင့် (သို့မဟုတ်) ခွင့်ပြုချက် နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ရရှိနိုင်မှု | ဝ သစ်တောဦးစီးဌာန (FD)၊<br>ဝ မြန်မာ့သစ်လုပ်ငန်း (MTE)၊<br>ဝ သစ်တောပိုင်ရှင်<br>ဝ ဒေသခံ အစုအဖွဲ့ပိုင် သစ်တောအသုံးချသူအဖွဲ့ CFUG |

| | | | |
|---|---|---|---|
| စံသတ်မှတ်ချက် (၁.၂)<br>အော်ပရေတာသည် သစ်တောနှင့် နိုင်ငံပိုင်မြေအတွင်း သစ်များ ခုတ်လှဲထုတ်လုပ်ရန် တရားဝင်ခွင့်ပြုမိန့် သို့မဟုတ် ခိုင်လုံသော /သက်တမ်း ရှိသော လိုင်စင်နှင့်/သို့မဟုတ် အတည်ပြုထားသော လုပ်ငန်းအစီအစဉ် သို့မဟုတ် ခွင့်ပြု ခွဲတမ်း အတိုင်း သစ်တောသယံဇာတများ စီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများ နှင့်အညီ တိကျသေချာစွာ ခွဲဝေသတ်မှတ် ထားသော၊ တရားဝင် ခွင့်ပြုချက် ရှိသည်။ | ၁.၂.၁ | သက်ဆိုင်ရာဥပဒေ၊ မူဝါဒများ၊ စည်းမျဉ်းများနှင့်အညီ ရှင်းရှင်းလင်းလင်း တိကျစွာ အသေးစိတ် ရေးဆွဲ သတ်မှတ် ခွဲဝေချထားသော နိုင်ငံပိုင်မြေ တွင် သစ်တောစီမံခန့်ခွဲခြင်း နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ လုပ်ငန်း အစီအစဉ်နှင့် လိုင်စင်များကို ရရှိနိုင်မှု | o သစ်တောဦးစီးဌာန (FD)၊<br>o သစ်တောပိုင်ရှင်များ<br>o ဒေသခံအစုအဖွဲ့ပိုင် သစ်တောအသုံးချသူအဖွဲ့ CFUG |
| | ၁.၂.၂ | ရှင်းရှင်းလင်းလင်း အသေးစိတ်ချပြထားပြီး သက်ဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ စည်းမျဉ်း များနှင့်အညီ တိကျစွာ ခွဲဝေချထားပေးသော နိုင်ငံပိုင်မြေတွင် သစ်ခုတ်လှဲ ထုတ်လုပ်ခြင်းလုပ်မည့် အစီအစဉ်များကိုဆောင်ရွက်ရန် စာရွက်စာတမ်းအထောက်အထားများရရှိနိုင်မှု၊ | o သစ်တောဦးစီးဌာန (FD)၊<br>o မြန်မာ့သစ်လုပ်ငန်း (MTE)၊<br>o သစ်တောပိုင်ရှင်များ<br>o CFUG |
| | ၁.၂.၃ | သစ်တောလုပ်ငန်းဆောင်ရွက်မှုများအတွက် တရားရေး ဆိုင်ရာ စိန်ခေါ်မှုများကို အရည်အချင်းရှိသူ အဖွဲ့အစည်း မှ ဖြေရှင်းပြီး သို့မဟုတ် စည်းနှောင်မှုရှိသော ဖြေရှင်းမှု လုပ်ငန်းစဉ်ဖြင့် ဖြေရှင်းခြင်းနေနိုင်မှု၊ | |

| | | | |
|---|---|---|---|
| | ၁.၂.၄ | သစ်ခုတ်လှဲထုတ်လုပ် သည့် ကန်ထရိုက်တာများနှင့် ကန်ထရိုက်ဆိုင်ရာ စာချုပ်စာတမ်း အထောက်အထားများ စာချုပ်ချုပ်သည့်အဖွဲ့များသည် တရားဝင် လုပ်ကိုင်ခွင့်ရှိသည် ဆိုသည်ကို အနည်းဆုံး ၅ နှစ်အထိ တဆက်တစပ်ထည်း ထိန်းသိမ်းထားနိုင်မှုကို သက်သေပြနိုင်မှု၊ | |
| | ၁.၂.၅ | သစ်ပင်နှင့်သစ်လုံးအဆင့်သတ်မှတ်ခြင်းနှင့် တိုင်းတာခြင်း တို့သည် စည်းမျဉ်းများ တရားဝင်ညွှန်ကြားချက်များ နှင့်အညီ လိုက်နာဆောင်ရွက်နိုင်မှု။ | |
| | ၁.၂.၆ | ကန်ထရိုက်စာချုပ်ချုပ် သည် အဖွဲ့အစည်း၏ အခွင့်အရေး ဖြစ်သည့် ခုတ်လှဲထုတ်လုပ်ခြင်း စည်းမျဉ်း ကို မလိုက်နာသော ကန်ထရိုက်များအား ကြီးကြပ် ကွပ်ကဲခြင်း၊ ဒဏ်ခတ်ပိတ်ဆို့ခြင်း နှင့် စောင့်ကြည့်ခြင်း စသည့် စာချုပ်ပါ သဘောတူညီချက်များ ကို တိကျစွာ ပြဋ္ဌာန်းထားရှိမှု။ | |
| (ခ) သစ်တောပြင်ပမြေ | | | |
| **စံသတ်မှတ်ချက် (၁.၃)**<br>အော်ပရေတာတွင် သစ်တောမြေ၏ အပြင် ဘက်တွင် တိကျပြတ်သားစွာ ခွဲထားသော သစ်တော သယံဇာတများကို တရားဝင် ပိုင်ဆိုင်ခွင့်နှင့် အသုံးချပိုင်ခွင့် အခွင့်အရေး ရှိသည်။ | ၁.၃.၁ | ဥပဒေများ၊ မူဝါဒများနှင့် စည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်းမှ ထုတ်ပြန်ထားသော သစ်တော သယံဇာတ များကို တရားဝင်ပိုင်ဆိုင်ခွင့် နှင့်အသုံးချပိုင်ခွင့်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများရရှိနိုင်မှု။ | ० သစ်တောဦးစီးဌာန (FD)၊<br>० သစ်တောပိုင်ရှင်များ<br>० သစ်ပင်ပိုင်ရှင်များ<br>० စိုက်ပျိုးရေးဦးစီးဌာန<br>० စိုက်ပျိုးရေးဦးစီးဌာန၊<br>० စိုက်ပျိုးရေး၊ မြေစီမံခန့်ခွဲမှု နှင့် စာရင်းအင်းများဌာန (DALMS) |

| | | | |
|---|---|---|---|
| | ၁.၃.၂ | သစ်တောလုပ်ငန်းဆောင်ရွက်မှုများအတွက် တရားရေးဆိုင်ရာ စိန်ခေါ်မှုများကို အရည်အချင်းရှိသူ အဖွဲ့အစည်း မှ ဖြေရှင်းပြီး သို့မဟုတ် စည်းနှောင်မှုရှိသော ဖြေရှင်းမှု လုပ်ငန်းစဉ်ဖြင့် ဖြေရှင်းခြင်းနေနိုင်မှု။ | |

**အခြေခံမူ- ၂။ သစ်များ ခုတ်လှဲ ထုတ်လုပ် ရာတွင် တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့် တရားဝင်ခွင့်ပြုထားသော အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များနှင့်အညီ သစ်တော လုပ်ငန်းများအတွက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များနှင့်အညီ လိုက်လျော ညီထွေမှု**

အော်ပရေတာသည် သစ်တောစီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်မှု၏ သဘာဝပတ်ဝန်းကျင်၊ အလုပ်သမားနှင့် လူမှုရေးဆိုင်ရာ တာဝန်သိစိတ် နှင့် CITES ၏ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များဆိုင်ရာ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာကြောင်း သရုပ်ပြရမည်။

| စံ သတ်မှတ်ချက် Criteria | အညွှန်း Indicators | | ဆောင်ရွက်ရန် တာဝန်ရှိသူ |
|---|---|---|---|
| **စံသတ်မှတ်ချက် (၂.၁)**<br>အော်ပရေတာသည် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို အကဲဖြတ်သည့်အချိန်နှင့် သက်ဆိုင်သည့် နေရာတွင် လုပ်ဆောင်ပါသည်။ | ၂.၁.၁ | လိုအပ်ချိန်နှင့် လိုအပ်သည့် နေရာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု အကဲဖြတ်မှုများကို ဆောင်ရွက်ခဲ့သော စာရွက်စာတမ်းများ သို့မဟုတ် လုပ်ဆောင်မှုများ ရရှိနိုင်မှု။ | o မြန်မာ့သစ်လုပ်ငန်း MTE<br>o သစ်တောပိုင်ရှင်<br>o ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော အသုံးပြုသူများ အဖွဲ့ CFUG<br>o သစ်တောဦးစီးဌာန |

| | | | |
|---|---|---|---|
| | ၂.၁.၂ | သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု အကဲဖြတ်ချက်များကို အရည်အချင်းရှိသော လုပ်ပိုင်ခွင့်ရှိသူက အတည်ပြုပြီး လိုအပ်သည့်အခါ နှင့် လိုအပ်သည့် နေရာနှင့် သက်ဆိုင်သော တရားဝင်ရုံး လုပ်ငန်းစဉ် များ ဆောင်ရွက်ထားနိုင်မှု။ | |
| | ၂.၁.၃ | သက်တမ်းရှိသော/အကျုံးဝင်ပြီး အတည်ပြုထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်မှု အစီအစဉ်များကို ချမှတ်ထားပြီး သက်ဆိုင်ရာဌ ညွှန်ကြားချက်၊ စည်းမျဉ်းများနှင့် လိုအပ်သည့်အချိန်/ လိုအပ်သည့်နေရာတွင် ခွင့်ပြုချက်အတိုင်း စီမံခန့်ခွဲနိုင်မှု။ | |
| **သတ်မှတ်ချက် (၂.၂)**<br>အော်ပရေတာသည် ၎င်းတို့၏ဒေသများရှိ သစ်တောနှင့် နောက်ဆက်တွဲ လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော ဆိုးရွားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု နည်းစေရန် လျော့ပါးရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး အကူအညီပေးသည့် လုပ်ငန်းများ လုပ်ဆောင်ပါသည်။ | ၂.၂.၁ | သစ်တောလုပ်ငန်းများမှ ထွက်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ဆိုးရွားမှုများနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို လျှော့ချရန် အထောက်အထား စာရွက်စာတမ်းများ/လုပ်ငန်းများ နှင့် အဆိုပါဧရိယာတွင် အကူအညီ ပေးသည့် လုပ်ငန်းများ အတွက် ရရှိနိုင်မှု။ | ဝ မြန်မာ့သစ်လုပ်ငန်းMTE<br>ဝ သစ်တောပိုင်ရှင်<br>ဝ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော အသုံးပြုသူများ အဖွဲ့ CFUG<br>ဝ သစ်တောဦးစီးဌာန |

| | | | |
|---|---|---|---|
| | ၂.၂.၂ | သစ်ခုတ်လှဲခြင်းအတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များ နှင့် အညီ လိုက်နာ ဆောင်ရွက်ခြင်း နှင့်လမ်းဖေါက် လုပ်ခြင်း၊ ရေလမ်းစီမံအုပ်ချုပ်ခြင်း၊ ဓာတုဗေဒ အသုံးချမှုနှင့် မြေယာအသုံးပြုမှု ပြောင်းလဲခြင်း တို့ကို ညွှန်ကြား ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်မှု။ | |
| | ၂.၂.၃ | တရားဝင်/ ရာသီ အလိုက်/နှင့် (နေရာ)ကျယ်ပြန့်စွာ ကာကွယ်ထားသော မျိုးစိတ်များ၊ အမဲလိုက်ခြင်း အတွက် (ခန္ဓာကိုယ်) ကြီးမားသော မျိုးစိတ်များအပါအဝင် ကို သစ်ခုတ်လှဲ ထုတ်လုပ်ချိန်တွင် စည်းမျဉ်း နှင့် ခွင့်ပြုမိန့်များ အတိုင်းကာကွယ်ထားရှိမှု။ | |
| | ၂.၂.၄ | သစ်ခုတ်လှဲရာတွင် ရာသီအလိုက် ထုတ်လုပ်ချိန်၊ ဇရိယာနေရာ၊ လက်ကျန် တောထွက်များ၊ ထိန်းသိမ်း ထားသော သစ်ပင်များ၊ မီးနှင့်ပိုးမွှားထိန်းချုပ်မှု၊ ကုန်းစောင်း လျှောစောက် ကန့်သတ်ချက်များနှင့် ရေလမ်းကြောင်း ထိန်းသိမ်းရေးကို စည်းမျဉ်း နှင့် ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်ထားရှိမှု။ | |
| **စံသတ်မှတ်ချက် (၂.၃)**<br>အော်ပရေတာသည် ခွဲဝေချထား ပေးသည့် ဧရိယာအတွင်း အခြားအဖွဲ့များမှ ခွင့်ပြုချက်မရှိဘဲ လုပ်ဆောင်မှု များ၏ | ၂.၃.၁ | သတ်မှတ်ထားသော ဧရိယာအတွင်း အခြား အဖွဲ့များမှ ခွင့်ပြုချက်မရှိဘဲ လုပ်ဆောင်မှုများ၏ အန္တရာယ်ကို လျှော့ချရန် စာရွက်စာတမ်းများ သို့မဟုတ် လုပ်ဆောင်ချက် များ ရရှိနိုင်ပါသည်။ | o FD<br>o MTE<br>o သစ်တောပိုင်ရှင်များ<br>o CFUG |

| | | | |
|---|---|---|---|
| အန္တရာယ်ကို လျှော့ချရန် လုံလောက်သော အစီအမံများကို လုပ်ဆောင်သည်။ | ၂.၃.၂ | တရားဝင်လိုအပ်သော တိုင်ပင်ဆွေးနွေးမှုများနှင့် အသိပေးချက်များအားလုံးကို သတ်မှတ်ထားသော နည်းလမ်းများနှင့် အချိန်ကာလများအတိုင်း ဆောင်ရွက်ထားရှိမှု။ | |
| **စံ သတ်မှတ်ချက် (၂.၄)**<br>အော်ပရေတာသည် တည်ဆဲဥပဒေများနှင့်အညီ ဒေသခံလူထု၏ ဓလေ့ထုံးတမ်းဆိုင်ရာ ရပိုင်ခွင့် အစုအပေါင်း ကို လေ့လာစောင့်ကြည့်ပါသည်။ | ၂.၄.၁ | သစ်တောစီမံအုပ်ချုပ်မှု ယူနစ် FMU သို့မဟုတ် သက်ဆိုင်ရာ ပြည်နယ် (သို့မဟုတ်) သတ်မှတ်ချထားပေးသော ဧရိယာတွင် ဥပဒေအရ (သို့မဟုတ်) ဒေသခံလူထု၏ ဓလေ့ထုံးတမ်းဆိုင်ရာ ရပိုင်ခွင့် အစုအပေါင်း၊ အထောက်အထား စာရွက်စာတမ်းများ ရရှိနိုင်မှု။ | ဝ သစ်တောဦးစီးဌာန<br>ဝ မြန်မာ့သစ်လုပ်ငန်း စီးပွားရေးလုပ်ငန်း<br>ဝ သစ်တောပိုင်ရှင်<br>ဝ အစုအဖွဲ့ပိုင် သစ်တော အသုံးပြုသူအဖွဲ့ CFUG |
| | ၂.၄.၂ | ကောင်းစွာကြိုတင်အသိပေးထားသည့် လွတ်လပ်သော သဘောဆန္ဒ (FPIC: Free Prior and Informed Consent) အတွက် ဥပဒေဆိုင်ရာ လိုအပ်ချက်များကို ဖြစ်နိုင်ပါက သတ်မှတ် ထားသော နည်းလမ်းများနှင့် အချိန်ကာလများ အတိုင်း ဆောင်ရွက်ထားရှိမှု။ | |
| **စံ သတ်မှတ်ချက် (၂.၅)**<br>အော်ပရေတာသည် တည်ဆဲ သစ်တောဥပဒေ၏ သစ်များကို ခုတ်လှဲ ထုတ်လုပ်ခြင်းဆိုင်ရာ ကန့်သတ်ချက်များ၊ သစ်ခုတ်လှဲရန် လမ်းညွှန်ချက်များ နှင့် မျိုးဆက် ပျက်သုဉ်းလုနဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင် ပန်းမာန်များ နိုင်ငံတကာ ကုန်သွယ်မှု ဆိုင်ရာ ကွန်ဗန်းရှင်း | ၂.၅.၁ | သစ်တောဦးစီးဌာနမှ တည်ဆဲသစ်တောဥပဒေနှင့်အညီ ထုတ်ပြန်ထားသော သစ်ခုတ်လှဲထုတ်ယူခြင်းဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့် အခြားသော သစ် ခုတ်လှဲထုတ်လုပ် ခြင်းဆိုင်ရာ ကန့်သတ်ချက်နှင့် လမ်းညွှန်ချက်များ ရရှိနိုင်မှု။ | ဝ သစ်တောဦးစီးဌာန<br>ဝ မြန်မာ့သစ်လုပ်ငန်း စီးပွားရေးလုပ်ငန်း<br>ဝ သစ်တောပိုင်ရှင်<br>ဝ အစုအဖွဲ့ပိုင် သစ်တော အသုံးပြုသူအဖွဲ့ CFUG |
| | ၂.၅.၂ | မျိုးဆက် ပျက်သုဉ်းလုနဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင် ပန်းမာန်များ နိုင်ငံတကာ ကုန်သွယ်မှု ဆိုင်ရာ ကွန်ဗန်းရှင်း | |

| | | | |
|---|---|---|---|
| ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်ချက်များအား လိုက်နာပါသည်။(CITES)၊ | | CITES ကဲ့သို့သော နိုင်ငံတကာ ပြဋ္ဌာန်းချက်များနှင့် လိုအပ်ချက်များ ကျင့်သုံးနိုင်သော သစ်ခုတ်လှဲ ထုတ်လုပ်ခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့် ပတ်သက်သည့် ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ရရှိနိုင်မှု။ | |
| **စံသတ်မှတ်ချက် (၂.၆)**<br>အော်ပရေတာသည် ဝန်ထမ်းများ၏ အခွင့်အရေး များကို အသိအမှတ်ပြုပြီး လုပ်ငန်းခွင် ကျန်းမာရေးနှင့် သစ်တောစီမံခန့်ခွဲမှုတွင် အလုပ်သမားဥပဒေနှင့် တည်ဆဲ စည်းမျဉ်း များအတိုင်း ဘေးကင်းရေး လိုအပ်ချက်များ နှင့်အညီ ဆောင်ရွက်ပါသည်။ | ၂.၆.၁ | သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် သစ်တော လုပ်သား/ဝန်ထမ်းများ၏အခွင့်အရေးအတွက် သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့် ပတ်သက်သည့် စာရွက် စာတမ်းများ နှင့်/သို့မဟုတ် ဆောင်ရွက်ထားရှိမှု အစီအမံ များ ရရှိနိုင်မှု။ | ဝ သစ်တောဦးစီးဌာန |
| | ၂.၆.၂ | သစ်တောလုပ်သား/ ဝန်ထမ်းများ ဘေးကင်းရေးနှင့် ကျန်းမာရေး အတွက် သတ်မှတ်ထားသော ညွှန်ကြားချက် များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ နှင့်/သို့မဟုတ် ဆောင်ရွက်ထားရှိမှု အစီအမံများ ရရှိနိုင်မှု။ | ဝ မြန်မာ့သစ်လုပ်ငန်း<br>ဝ သစ်တောပိုင်ရှင်<br>ဝ CFUG |
| | ၂.၆.၃ | လုပ်ပိုင်ခွင့်ရ အဖွဲ့အစည်း သို့မဟုတ် ကန်ထရိုက်စာချုပ်အရ ငှားရမ်းထားသော အလုပ်သမားများနှင့် ဝန်ထမ်းများအား တရားဝင်သတ်မှတ်ထားသော လုပ်ခလစာများ ပေးဆောင် ထားမှု။ | |
| | ၂.၆.၄ | ၎င်းတို့၏ ဝန်ထမ်းများနှင့် အလုပ်သမားများအား တရားဝင် သတ်မှတ်ထားသော လုပ်ခလစာများ ပေးဆောင်ရမည် ဖြစ်သည်ဟု ကန်ထရိုက် စာချုပ် သဘောတူညီချက် များ အတိုင်း ကန်ထရိုက်အဖွဲ့ များက ပေးချေထားမှု။ | |
| | ၂.၆.၅ | အဖွဲ့အစည်း သို့မဟုတ် စာချုပ်အဖွဲ့မှ ငှားရမ်းထားသော ဝန်ထမ်းများနှင့် အလုပ်သမားများသည် ဥပဒေကြောင်းအရ | |

| | | | |
|---|---|---|---|
| | | လိုအပ်လာပါက လူမှုရေးအကျိုးခံစားခွင့်များနှင့် အာမခံများ ပေးဆောင်နိုင်မှု။ | |
| | ၂.၆.၆ | လုပ်ခလစာ၊ လူမှုရေးအကျိုးခံစားခွင့်များနှင့် အာမခံများကို တရားဝင်သတ်မှတ်ထားသော အချိန်ကာလအတွင်းနှင့် ဥပဒေ အတိုင်း သတ်မှတ်ထားသော ငွေပေးချေမှု နည်းလမ်း များ အတိုင်း ပေးဆောင်ထားမှု။ | |
| | ၂.၆.၇ | လုပ်ပိုင်ခွင်းရ အဖွဲ့အစည်းမှ သို့မဟုတ် စာချုပ်ချုပ်သည့် အဖွဲ့မှ ငှားရမ်းထားသော အလုပ်သမားများနှင့်ဝန်ထမ်းများ သည် ၎င်းတို့ဆောင်ရွက်တဲ့ လုပ်ငန်းဆောင်တာများအတွက် တရားဝင် လိုအပ်သော ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်များကို ကိုင်ဆောင်ထားနိုင်မှု။ | |
| | ၂.၆.၈ | စက်ယန္တရားများနှင့် လုပ်ငန်းကိရိယာများကို ထိန်းသိမ်း ထားပြီး တရားဝင် လိုအပ်ပါက လုံခြုံစွာ အသုံးပြု နိုင်သော အခြေအနေတွင် ရှိနေနိုင်မှု။ | |
| | ၂.၆.၉ | အဓမ္မလုပ်အားပေးခိုင်းစေမှု သို့မဟုတ် မဖြစ်မနေ လုပ်ဆောင်စေမှု သည် လုပ်ငန်းအဖွဲ့အစည်းအဆင့် သို့မဟုတ် စာချုပ်ချုပ်သည့်အဖွဲ့အဆင့်တွင် မရှိမှု။ | |
| | ၂.၆.၁၀ | ကလေးအလုပ်သမားစေခိုင်းမှုသည် အဖွဲ့အစည်းအဆင့် သို့မဟုတ် စာချုပ်ချုပ်သည့်အဖွဲ့များအဆင့်တွင် ကင်းစင်မှု (မရှိမှု)။ | |

**အခြေခံမူ- ၃။ လုပ်ငန်းဆောင်ရွက်မှု၊ အခွန်ပေးဆောင်မှု၊ အခွန်တော်မှုပိုင်ခွင့်နှင့် အခကြေးငွေ ပေးဆောင်မှု**

**အော်ပရေတာသည် သစ် ခုတ်လှဲထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းများတွင် တရားဝင် သစ်ခုတ်လှဲထုတ်လုပ်ပိုင်ခွင့်ကို ထိန်းသိမ်းခြင်းနှင့် ဆက်စပ်သော အခွန်အခများ နှင့်/သို့မဟုတ် အခကြေးငွေများအားလုံးကို ပေးဆောင်ပါသည်။**

| စံ သတ်မှတ်ချက် Criteria | အညွှန်း | | ဆောင်ရွက်ရန် တာဝန်ရှိသူ |
|---|---|---|---|
| စံသတ်မှတ်ချက် ၃.၁<br>အော်ပရေတာသည် သစ်ခုတ်လှဲထုတ်လုပ်ခြင်း၊ သစ်တင်သွင်းခြင်း၊ ပိုင်းဖြတ်ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှု ဆိုင်ရာ နှင့် တရားဝင်သတ်မှတ်ထားသော အခကြေးငွေများ၊ အခကြေးငွေများ၊ အခွန်များနှင့် အခြားကျသင့်ငွေ အားလုံးကို၊ ကောင်းမွန်ရှင်းလင်းစွာ သက်သေခံများအတိုင်း မှတ်တမ်းတင်ထားသည့်အတိုင်း အချိန်ကိုက် ပေးဆောင် ထားပါသည်။ | ၃.၁.၁ | သစ်ခုတ်လှဲထုတ်လုပ်ခြင်းအတွက် သတ်မှတ်ထားသော အခကြေးငွေများ၊အခွန်အခများ၊ အခြားအဖိုးအခကျသင့်ငွေများ ပေးဆောင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများနှင့် မှတ်တမ်းများ ရရှိနိုင်မှု။ | ○ မြန်မာ့သစ်လုပ်ငန်းMTE<br>○ သစ်တော ပိုင်ရှင်<br>○ သစ်ပင် ပိုင်ရှင်<br>○ အစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူ အဖွဲ့ CFUG |
| | ၃.၁.၂ | သစ်ပိုင်းဖြတ် ခွဲစိပ်ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းအတွက် သတ်မှတ်ထားသော အခကြေးငွေများ၊အခွန်အခများ၊ အခြားအဖိုးအခကျသင့်ငွေများ ပေးဆောင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများနှင့် မှတ်တမ်းများ ရရှိနိုင်မှု။ | ○ မြန်မာ့သစ်လုပ်ငန်းMTE<br>○ သစ်တော ပိုင်ရှင်<br>○ သစ်ပင် ပိုင်ရှင်<br>○ အစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူအဖွဲ့ CFUG<br>○ သစ်လုပ်ငန်း(သို့) သစ်ခွဲသားလုပ်ငန်း |
| | ၃.၁.၃ | သစ်တင်သွင်းခြင်းအတွက် သတ်မှတ်ထားသော အခကြေးငွေ များ၊အခွန်အခများ၊ အခြားအဖိုးအခကျသင့်ငွေများ ပေးဆောင်ခြင်း ဆိုင်ရာ စာရွက်စာတမ်းများနှင့် မှတ်တမ်းများ ရရှိနိုင်မှု။ | ○ သစ်တင်သွင်းသူ<br>○ မြန်မာ့အကောက်ခွန်ဦးစီးဌာန<br>○ ကုန်သွယ်မှုဌာန<br>○ သစ်တော FD |

| | | | |
|---|---|---|---|
| | ၃.၁.၄ | အခကြေးငွေများ၊ အခကြေးငွေများ သို့မဟုတ် အခြားသော အခကြေးငွေများ ပေးဆောင်ခြင်းကို သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြုလုပ်နိုင်မှု။ | ဝ |
| | ၃.၁.၅ | သစ်ခုတ်လှဲထုတ်လုပ်ခြင်း နှင့် သစ်ရောင်းခြင်းမှ အခွန်ဘဏ္ဍာ မှတ်တမ်းစာရင်များ ရှိပြီး တိကျမှန်ကန်မှု။ | ဝ |
| | ၃.၁.၆ | ပြေစာများတွင် ပေးထားသော ပမာဏ၊ မျိုးစိတ်နှင့် အရည်အသွေးများသည် လက်ခံဖြတ်ပိုင်းများ သို့မဟုတ် အသိအမှတ်ရေးသားချက်များ နှင့်ကိုက်ညီမှု။ | ဝ |
| | ၃.၁.၇ | သစ် ရောင်း(ဝယ်ရာတွင်) ကျင့်သုံးမှု အလေ့အကျင့်နှင့် သစ်အခြေခံထုတ်ကုန်များ၏ ဈေးနှုန်းများသည် သာမာန် ဈေးကွက်တွင် ကျင့်သုံးနေသော အလေ့အကျင့် များနှင့် အတူ ဈေးကွက်ပေါက်ဈေးများနှင့် ကိုက်ညီမှု။ | ဝ |

**အခြေခံမူ- ၄ ကုန်သွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သွင်းကုန်နှင့် ပြည်ပ ပို့ကုန်**

**အော်ပရေတာသည် သက်ဆိုင်ရာအစိုးရအာဏာပိုင်များထံ တရားဝင်မှတ်ပုံတင်ထားကြောင်း သို့မဟုတ် ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်ရေး၊ ပို့ကုန်၊ တင်သွင်းခြင်းအတွက် သစ်နှင့်သစ်အခြေခံထွက်ကုန်များဆိုင်ရာ သက်ဆိုင်သည့် ခွင့်ပြုမိန့်(များ) ရရှိထားကြောင်း သက်သေပြရမည်။ အော်ပရေတာသည် သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်မှု၊ သွင်းကုန်နှင့် ပို့ကုန်လုပ်ထုံးလုပ်နည်းများဆိုင်ရာ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာကြောင်း ပြသရမည်။**

| စံသတ်မှတ်ချက် | အညွှန်း | | ဆောင်ရွက်တာဝန် |
|---|---|---|---|
| စံသတ်မှတ်ချက် ၄.၁။<br>အော်ပရေတာ တွင် သစ်လုံး၊ သစ်နှင့် သစ်အခြေခံထွက်ကုန်များကို သယ်ယူပို့ဆောင်ခြင်း၊ ကုန်သွယ်မှုခြင်း၊ ပြည်ပ တင်ပို့ခြင်းနှင့် ပြည်တွင်း တင်သွင်းခြင်းအတွက် တရားဝင်ခွင့်ပြုချက် သို့မဟုတ် ခွင့်ပြုမိန့် ရှိပါသည်။ | ၄.၁.၁ | ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့် ညွှန်ကြားချက်များနှင့် (ထုတ်လုပ်သည့်) သစ်တောမှ နောက်ဆုံးနေရာ သို့ သစ်လုံးသယ်ယူပို့ဆောင်ရေးအတွက် တရားဝင်ခွင့်ပြုချက် သို့မဟုတ် လုပ်ပိုင်ခွင့်/ ခွင့်ပြုမိန့် ရရှိနိုင်မှု။ | ○ FD<br>○ MTE<br>○ သစ်တောပိုင်ရှင်<br>○ သစ်ပင်ပိုင်ရှင်<br>○ CFUG<br>○ သစ်လုပ်ငန်း (သို့) သစ်ခွဲသားလုပ်ငန်း |
